**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (060/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၆၀/၂၀၁၁)

## ၂၀၁၁ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- ပင်စင်စားများ၊ ဝန်ထမ်းများအား လစာတိုးပေးရေးအစီအစဉ်မရှိသေးကြောင်း မတ်လ ၁၅ ရက်နေ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏အမေးကို ဘဏ္ဍာအခွန်ဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားခဲ့သည်။ (DVB 150311) Read More...
- မြန်မာနိုင်ငံတွင် အင်တာနက်မှတဆင့် နိုင်ငံခြားသို့ ဖုန်းခေါ်ဆိုမှု (VOIP) များကို ပိတ်ပင်မှုတင်းကြပ်ရန် ကြေးနန်းနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ညွှန်ကြားချက်များ ထုတ်ပြန်လိုက်သည်။ (Mizzima 160311) Read More...
- တရုတ်ကွန်မြူနစ်ပါတီ၏ ထိပ်တန်း ခေါင်းဆောင် ကျာချင်လင်း (Jia Qinglin) မြန်မာနိုင်ငံသို့ လာရောက်မလည်ပတ်မီ နေပြည်တော်တွင် ပြုလုပ်နေသည့် လွှတ်တော် အစည်းအဝေးများကို အပြီးသတ်ကာ လာမည့် ရက်ပိုင်းအတွင်း အစိုးရသစ် ကို စတင်ဖွဲ့စည်း တော့မည်ဖြစ်ကြောင်း နေပြည်တော် စစ်ဘက်အသိုင်းအဝန်းနှင့်နီးစပ်သူများက ပြောသည်။ (Irrawaddy 170311) Read More...

## လွှတ်တော်အဆင့်ဆင့်

- မတ်လ ၉ ရက်နေ့မှစ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် အမတ်များက မေးခွန်းနှင့် အဆိုများပြုလုပ်ခဲ့ရာ ၎င်းအမတ်များကိုယ်တိုင် သက်ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းစွာ နားလည်မှု မရှိကြောင်း လွှတ်တော်အစည်းအဝေးတက်ရောက်နေသည့် လွှတ်တော်အမတ်များက ပြောသည်။ (Mizzima 140311) Read More..., RFA...
- ကြားဖြတ်ရွေးကောက်ပွဲများကို လာမည့် မိုးရာသီအကုန် အောက်တိုဘာ၊ နိုဝင်ဘာလလောက်မှာ ကျင်းပရန် ခန့်မှန်းထားကြောင်း ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက မတ်လ ၁၄ ရက်နေ့တွင် ကျင်းပသည့်လွှတ်တော် အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (VOA 140311) Read More...
- ရွေးကောက်ပွဲ မဲဆွယ်အသုံးစရိတ်များကို အချိန်မီမတင်သွင်းနိုင်သဖြင့် လူ ၂၀ ဦးကို လွှတ်တော်ကိုယ်စားလှယ်အရည်အချင်း ပျက်ယွင်းသူအဖြစ် ရွေးကောက်ပွဲ ကော်မရှင်က မတ်လ ၁၅ ရက်နေ့တွင် ကြေညာလိုက်သည်။ (Mizzima 150311) Read More..., DVB...
- မတ်လ ၁၅ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံအခြေအနေနှင့် ကိုက်ညီမှုရှိသည့် မေးခွန်းများနှင့်အဆိုများကို သာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တင်သွင်းကြရန် ပြောကြားလိုက်သည်။ (DVB 150311) Read More...

- နေပြည်တော်တွင် သာသနာရေးဌာနမှ ဦးစီးကျင်းပသည့် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲရှိနေသဖြင့် ကျင်းပလျက်ရှိသော လွှတ်တော်အစည်းအဝေးများကို မတ်လ ၁၇ ရက်နေ့မှစတင်၍ ခေတ္တရပ်နားမည်ဖြစ် ကြောင်း လွှတ်တော်အမတ်များက ပြောသည်။ (Mizzima 170311) Read More...

## တပ်မတော်၏လုပ်ဆောင်ချက်များ

- ကချင်ပြည်နယ်မြောက်ဖျားစွန်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ ပူတာအိုဘက်သို့ စစ်အစိုးရ တပ်ရင်း ၃ ရင်းမှ စစ်အင်အား ၅၀၀ ခန့် တိုးချဲ့လာသည်ဟု မျက်မြင်သက်သေများက ပြောသည်။ (Mizzima 140311) Read More...
- ကရင်ပြည်နယ် မြောက်ပိုင်းဒေသ ဖာပွန်ခရိုင်၊ တောင်ငူနှင့် ညောင်လေးပင်အရှေ့ခြမ်းမှ ရှေ့တန်း စစ်စခန်းများထံသို့ ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို ယခင်က စစ်ထရပ်ကားများဖြင့် ပို့ဆောင်နေရာမှ ယခုအခါ ပေါ်တာ ခေါ် အထမ်းသမားများ၊ မြင်းများ၊ လားများကို ပြောင်းလဲအသုံးပြု တင်ပို့နေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (RFA 140311) Read More...
- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် လက်ရှိလှုပ်ရှားနေသည့် နအဖ ခြေမြန်တပ်မ ဌာနချုပ်– တမခ (၁၁) လက် အောက်ခံ တပ်ရင်းမှ ကျွဲအရောင်းအဝယ်လုပ်နေသည့် ရွာသားများကို သွားရောက်ပစ်ခတ်ခဲ့သောကြောင့် ခေးထဲ့ရွာ သားတစ်ဦး ပွဲချင်းပြီး သေဆုံးသွားခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (KIC 170311) Read More...
- နအဖ အစိုးရ၏ ပြည်သူ့စစ်လက်မခံသည့် သျှမ်းပြည်တပ်မတော် SSPP/SSA ကို ဧပြီလ ၁ ရက်နေ့တွင် အပြီး လက်နက်ချရန် နအဖက ကြားလူမှတဆင့် ရာဇသံပေးလိုက်ကြောင်း သျှမ်းပြည်တပ်မတော်မြောက်ပိုင်း တာဝန်ရှိသူ တစ်ဦးက ပြောသည်။ (BBC 170311) Read More..., S.H.A.N...
- မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနယ်စပ်တွင် နအဖ စစ်တပ်က ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော်အား ပစ်မှတ်ထား ၍ စစ်ရေးပြင်ဆင်မှုများပြုလုပ်နေကြောင်း ရခိုင်ပြည်လွတ်မြောက်ရေးပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ခိုင်သုခ က ပြောသည်။ (BBC 170311) Read More...
- သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းဗျူဟာတပ်နှင့် မြို့လုံခြုံရေးတာဝန်ယူရမည့် ပြည်သူ့စစ်များအတွက် ပေးရမည့်စရိတ် များကို ဗျူဟာမှူးက တန့်ရမ်းမြို့ ရပ်ကွက် ၁၀ ခုမှ ကျခံရမည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 170311) Read More...
- နအဖစစ်တပ်မှ အင်အားသုံး၍ သျှမ်းပြည်တိုးတက်ရေးပါတီ/သျှမ်းပြည်တပ်မတော် SSPP/SSA ၏ အရှေ့မြောက်ဘက် ထိန်းချုပ်နယ်မြေဖြစ်သော နမ့်လောဝ်းတပ်စခန်းကို ဝင်ရောက်တိုက်ခိုက်စဉ် ကျေးလက်လူထုနေအိမ်နှင့် ဘုန်းကြီး ကျောင်းများ အား လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သောကြောင်း ဘုန်းကြီး ၅ ပါးပျံလွန်တော်မူခဲ့ကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 170311) Read More...
- တပ်သားများ၏ စားဝတ်နေရေးပြဿနာများကို မဖြေရှင်းပေးဘဲ တပ်ပိုင်မြေများကိုရောင်းစားလိုက်သည့်အတွက် ရန်ကုန်တိုင်း မှော်ဘီလေကြောင်းရန် ကာကွယ်ရေးတပ်မ (၁)မှ တပ်သားများက ကန့်ကွက်စာတင်ထားကြောင်း တပ်ကြပ်ကြီးတစ်ဦးက ပြောသည်။ (BBC 180311) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးခဲ့သည့် ၂၃ နှစ်ပြည့် မတ်လ ၁၃ ရက်နေ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့ တွင် ၈၈ မျိုးဆက်ကျောင်းသားများက ဆွမ်းကျွေးအလှူဒါနတခု ပြုလုပ်ခဲ့ကြပြီး ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်ဝင် ကျောင်းသားများမှလည်း ရန်ကုန်မြို့တွင် အနက်ရောင် လှုပ်ရှားမှုတခု ပြုလုပ်ခဲ့ကြသည်ဟု ဗကသများအဖွဲ့ချုပ် ပြောခွင့်ရသူ ကိုဇာနည်က ပြောသည်။ (RFA 130311) Read More...
- ဂျပန်နိုင်ငံတွင် လှုပ်ခဲ့သည့်ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ် ဆုံးရှုံးခဲ့ရသည့် ဂျပန်ပြည်သူများအတွက် ဝမ်းနည်း ကြောင်း သဝဏ်လွှာတစ်စောင်ကို NLD အဖွဲ့ဝင် အားလုံးကိုယ်စား ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်မြို့ရှိ ဂျပန်သံ အမတ်ကြီးထံ ပေးပို့လိုက်သည်။ (RFA 130311) Read More...

- ရခိုင် ဒီမိုကရေစီ အဖွဲ့ချုပ် (ALD) က ဦးစီး၍ ရခိုင်ပြည်နယ် ဂီရိမုန်တိုင်း ဒဏ်သင့် လူထုအတွက် ကူညီထောက်ပံ့ရေး လုပ်ငန်းများ ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ALD ဥက္ကဋ္ဌ ဦးသာဘန်းက ပြောသည်။ (Irrawaddy 140311) Read More...
- ပါတီ၏ အနာဂတ်ထက် တိုင်းပြည်၏ အနာဂတ်နှင့် ဒီမိုကရေစီ ရရှိရေးက ပို၍အရေးကြီးကြောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က မတ်လ ၁၄ ရက် နေ့တွင် မကွေးတိုင်း စည်းရုံးရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် မှာကြားခဲ့ကြောင်း ပါတီပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 140311) Read More...
- ပြည်ပသို့ ရောက်ရှိနေကြသည့် မြန်မာအမျိုးသမီး ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့၏ အရည်အသွေးများကို အမြဲမြှင့်တင်နေကြရန်နှင့် ရေရှည် ရည်မှန်းချက် ထားရှိကြရန် မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အားပေးတိုက်တွန်းလိုက်သည်။ (RFA 150311) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စစ်ကိုင်းတိုင်း ကိုယ်စားလှယ်များသည် ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် မတ်လ ၁၆ ရက်နေ့က ရန်ကုန် ဌာနချုပ်ရုံးတွင် တွေ့ဆုံဆွေးနွေးကြပြီး ပါတီရေးရာကိစ္စများနှင့် ဒေသတွင်း အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ (RFA 160311) Read More..., BBC...
- ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ရန်လုပ်သည့်နေရာတွင် တိုင်းရင်းသားများက ဗမာအစိုးရကို မယုံသကဲ့သို့၊ ဗမာ အစိုးရကလည်း တိုင်းရင်းသားအရေးကို အလေးမထားကြောင်း ခံယူနေတဲ့အတွက် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာသင့် သလောက် မခိုင်မာခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သုံးသပ်ပြောဆို လိုက်သည်။ (RFA 170311) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းထိန်တို့သည် အမျိုးသား ဒီမိုကရေစီအင်အားစု (NDF) ပါတီ ခေါင်းဆောင် ဦးခင်မောင်ဆွေ၊ ဒေါက်တာသန်းငြိမ်းတို့နှင့်တွေ့ဆုံခဲ့ရာ NDF နှင့် ပတ်သက်သောအကြောင်းအရာများကို ဒေါ်အောင်ဆန်းစုကြည်က မေးမြန်းခဲ့ကြောင်း ဦးခင်မောင်ဆွေက ပြောသည်။ (VOA 170311) Read More...
- ပါတီရုံးခွဲ မရှိသေးသည့် ကယားပြည်နယ်မှအပ ပြည်နယ်/တိုင်း ၁၃ ခုတွင် ပြည်သူ့အကျိုးပြု လုပ်ငန်းများ အရှိန်ဟုန် မြှင့် လုပ်ဆောင်သွားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 180311) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟို အလုပ်အမှုဆောင်အဖွဲ့နှင့် ကချင်ပြည်နယ် စည်းရုံးရေး ကော်မတီ ဝင်များ၊ ကိုယ်စားလှယ်များ ပါတီဌာနချုပ်ရုံးတွင် မတ်လ ၁၈ ရက်နေ့က အစည်းအဝေး ပြုလုပ်ခဲ့ကြရာ ကချင်ပြည်နယ် စည်းရုံး ရေးကော်မတီဝင် ၈ ဦးအပါအဝင် မြို့နယ် စည်းရုံးရေး ကော်မတီဝင် ၁၃ ဦး၊ စုစုပေါင်း ၂၁ ဦး တက် ရောက်ခဲ့သည်။ (RFA 180311) Read More...
- မြန်မာနိုင်ငံက နိုင်ငံရေးပြဿနာများ ပြေလည်ရန်အတွက် နောက်တက်လာမည့်အစိုးရသစ်နှင့် ဆွေးနွေးညှိနှိုင်း၍ အပေးအယူလုပ်ရန် အဆင်သင့်ရှိကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (VOA 180311) Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP ၏ ၂၀၁၀ နှစ်ချုပ် ညီလာခံကို ဌာနချုပ်ရှိရာ တရုတ်နယ်စပ် အနီး ပန်ဆန်းမြို့တွင် မတ်လ ၁၅ ရက်နေ့တွင် စတင်ကျင်းပမည်ဟု စစ်ရေးနိုင်ငံရေး လေ့လာသူ ဦးအောင်ကျော်ဇောက ပြောသည်။ (S.H.A.N 140311) Read More...
- သျှမ်းပြည်အလယ်ပိုင်း SSPP/SSA နယ်မြေအတွင်းသို့ ကျူးဝင်လာသည့် နောက်ဆုံးအင်အားဖြည့် နအဖ တပ်များနှင့် SSPP/SSA နယ်ခံတပ်ဖွဲ့တို့ အကြား မတ်လ ၁၃ ရက်နေ့က တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ နအဖ တပ်သား ၁ ဦး ကျဆုံးကာ ၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 140311) Read More...
- ရှမ်းပြည်မြောက်ပိုင်း မိုင်းရှူးမြို့နယ်တွင်းသို့ ဦးတည်သွားနေသည့် နအဖစစ်ယာဉ်တန်း ၁၀စီး ခန့်ကို မိုင်းအွတ်နား အရောက်တွင် ရှမ်းပြည်တပ်မတော်မြောက်ပိုင်း တပ်မဟာ (၁) တပ်ဖွဲ့ဝင်များက ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်ခဲ့ ရာ အပြန်အလှန် မိနစ် ၃၀ ခန့် ပစ်ခတ်ခဲ့ကြသည်ဟု မိုင်းရှူးဒေသခံတစ်ဦးက ပြောသည်။ (DVB 140311) Read More...

- နအဖ စစ်တပ်နှင့် အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ တစ်ဖွဲ့ဖြစ်သော ရှမ်းပြည် တပ်မတော် မြောက်ပိုင်း (SSA-N) တပ်များ မတ်လ ၁၃ ရက်နေ့မှ စတင်၍ ယနေ့အထိ တိုက်ပွဲများ ဆက်တိုက် ဖြစ်ပွားနေကြောင်း သျှမ်းသံတော်ဆင့် သတင်းစဉ်မှ အယ်ဒီတာ ဦးစိန်ကြည်က ပြောသည်။ (Irrawaddy 150311) Read More..., S.H.A.N...
- နအဖ စစ်တပ်နှင့် ရှမ်းပြည် တပ်မတော် မြောက်ပိုင်း (SSA-N) တပ်များ ယခုရက်ပိုင်းအတွင်း တိုက်ပွဲများ ဖြစ်ပွားနေချိန်တွင် "ဝ" ပြည် သွေးစည်း ညီညွတ်ရေး တပ်မတော် (UWSA) ဌာနချုပ်၌ သက်ဆိုင်ရာဌာနအလိုက်နှစ်ချုပ် အစည်းအဝေးကို မတ်လ ၁၅ ရက်နေ့က စတင်ကျင်းပနေသည်။ (Irrawaddy 160311) Read More...
- မြန်မာစစ်အစိုးရ၏ နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် ဖိအားပေးခံခဲ့ရသော်လည်း စည်းလုံးစွာဖြင့် ငြင်းဆန်နိုင်ခဲ့သည့်အပေါ် အားရကျေနပ်မှုရှိကြောင်း 'ဝ' ပြည် သွေးစည်းညီညွတ်ရေးပါတီ UWSP ဒုဥက္ကဋ္ဌ ကျောက်ဝင်ကွမ်းက ပါတီစုံညီအစည်းဝေး၌ ပြောဆိုလိုက်သည်။ (Mizzima 160311) Read More...
- မတ်လ ၁၂ ရက်နေ့က ဗိုင်းမော်မြို့နယ်၊ တရုတ်နယ်စပ်ကိန်ပိုင်တီနှင့် ဆဒုံးကြား၊ လဖိုင်ရွာအနီးရှိ KIA ငွါးလေးစစ်စခန်းသို့ နယ်ကျော်ဝင်ရောက်လာသည့် မြန်မာစစ်သား ၁၈ ယောက်ပါ တပ်စုအား "ဆုတ်ခွာခြင်း မပြုလျှင် ပစ်ခတ်မည်" ဟု KIA မှ သတိပေးပြီးနောက် ပြန်ဆုတ်ပေးလိုက်ကြောင်း ဒေသခံများကပြောသည်။ (KNG 160311) Read More...
- မတ်လ ၁၃ ရက်နေ့က စတင်ခဲ့သော နအဖနှင့်သျှမ်းပြည်တပ်မတော် SSPP/SSA တိုက်ပွဲတွင် ကျေးလက် လူထုနှင့်ရွာဘုန်းကြီးကျောင်းများကိုပါ နအဖက လက်နက်ကြီးဖြင့် ပစ်မှတ်ထားပစ်ခတ်ခဲ့သောကြောင့် တန့်ယန်းမြို့ နယ် မိုင်းကောဝ်အုပ်စုနှင့်နမ့်လောင်းရွာမှ အင်အားမမျှသော သျှမ်းပြည်တပ်မတော်က ဆုတ်ခွာပေးလိုက်ရ ကြောင်း SSPP/SSA တပ်မှူးတစ်ဦးက ပြောသည်။ (S.H.A.N 160311) Read More...
- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် (DKBA) က ထိုင်း – မြန်မာ နယ်စပ် ကရင်ပြည်နယ် မြဝတီမြို့တွင် ယနေ့ စစ်ဆင်ရေး ပြုလုပ်မည် ဆိုသည့်သတင်း ထွက်ပေါ် နေသဖြင့် မြို့ခံများ ဘေးကင်းလုံခြုံရာသို့ ရှောင်တိမ်းနေကြသည်ဟု မြဝတီမြို့ခံတစ်ဦးက ပြောသည်။ (Irrawaddy 170311) Read More..., DVB..., KIC...
- ရှမ်းပြည် တောင်ပိုင်း မိုင်းရှူးမြို့နယ် အတွင်း စစ်အစိုးရတပ်နှင့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်း (SSA-N) တပ်များ အဆက်မပြတ် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ရာနှင့်ချီသောဒေသခံရွာသားများ အိုးအိမ်စွန့်ခွာထွက်ပြေးနေရကြောင်း မိုင်းရှူးဒေသခံတစ်ဦးက ပြောသည်။ (Irrawaddy 170311) Read More...
- မြန်မာအစိုးရ စစ်တပ်မှ သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) တပ်မဟာ (၁) ကို ဧပြီလ ၁ ရက်နေ့တွင် နောက်ဆုံးထား၍ လက်နက်ချရန် ရာဇသံပေးလိုက်သောကြောင့် SSA ဌာနချုပ် သျှမ်းပြည်တောင်ပိုင်း ကျေးသီးမြို့နယ် ဝမ့်ဟိုင်းနယ်မြေအတွင်း နေထိုင်းသည့်ပြည်သူများ မတ်လ ၂၀ ရက်နေ့နောက်ဆုံးထား၍ လုံခြုံမှုရှိသည့်နေရာများသို့ ထွက်ခွာကြရန် SSA က ညွှန်ကြားလိုက်သည်။ (BBC 180311) Read More..., S.H.A.N...
- သျှမ်းပြည်တိုးတက်ရေးပါတီ / ရှမ်းပြည်တပ်မတော် (SSPP/SSA) အခြေစိုက် စစ်စခန်းများကို စစ်အစိုးရတပ်များမှ ဆက်တိုက် ထိုးစစ်ဆင်မှုအပေါ် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု(မဒတ)က အပြင်းအထန် ကန့်ကွက်ရှုတ်ချကြောင်း မတ်လ ၁၇ ရက်နေ့က ကြေညာ ချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (KIC 180311) Read More...
- ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ(၇)နယ်မြေရှိ ကလို့ယော်ထာ့တွင် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNLA တပ်ဖွဲ့ဝင်များမှ နအဖတပ်ဖွဲ့ကို မတ်လ ၁၅ရက်နေ့က ပြောက်ကျားစစ် တိုက်ခိုက်ခဲ့ရာ နအဖဘက်မှ တပ်ရင်း မှူး အပါအဝင် ၃ ဦး ထိခိုက်သွားခဲ့သည်ဟု KNLA တပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်မှူးစောရော့်နီက ပြောသည်။ (KIC 180311) Read More...
- မြန်မာစစ်အစိုးရ၏ စီးပွားရေးနှင့် ပတ်သက်သော မူဝါဒများ မပြောင်းလဲသရွေ့ EU ဥရောပသမဂ္ဂမှ ချမှတ်ထားသော စီးပွားရေး ပိတ်ဆို့မှုများ ရုပ်သိမ်းရန် မသင့်တော်သေးကြောင်း ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) က ပြောကြားလိုက်သည်။ (KT 180311) Read More...

## ပြည်ပအင်အားစုများ

- စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးခဲ့သည့် ၂၃ နှစ်ပြည့် မတ်လ ၁၃ ရက်နေ့ မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုသည့် အခမ်းအနားတရပ်အား နယ်သာလန်နိုင်ငံ အူးသရက် (Utrecht) မြို့တွင်

နယ်သာလန် နိုင်ငံရောက် မြန်မာလူငယ်များ စုပေါင်းပြီး ကျင်းပခဲ့သည်ဟု NLD-LA နယ်သာလန်နိုင်ငံဌာနခွဲ တာဝန်ခံ စိုင်းမျိုးဆက်က ပြောသည်။ (RFA 130311) Read More...

- ရန်ကုန် စက်မှုတက္ကသိုလ် ကျောင်းသား ကိုဖုန်းမော် ကျဆုံးခဲ့သည့် ၂၃ နှစ်ပြည့်နေ့နှင့် မတ်လ ၁၆ ရက် တံတားနီနေ့ အထိမ်းအမှတ်အဖြစ် အမေရိကန် ပြည်ထောင်စု ဝါရှင်တန်ဒီစီ၊ ဗာဂျီးနီးယားနှင့် မေရီလန်းပြည်နယ်များမှ ၈၈ မျိုးဆက်ကျောင်းသားများ၊ မြန်မာ့အရေး လှုပ်ရှားသူများ အယောက် ၄၀ နီးပါး က မတ်လ ၁၃ ရက်နေ့တွင် ဝါရှင်တန်ဒီစီမြို့ မြန်မာသံရုံး ရှေ့၌ ဆန္ဒပြခဲ့ကြသည်။ (RFA 140311) Read More...
- အစ္စရေးရောက် မြန်မာများက ရွေးကောက်ပွဲမှ ရွေးချယ်လိုက်သော မြန်မာအစိုးရသစ်ကို လက်မခံကြောင်း၊ အတု အယောင် လွှတ်တော်ကိုလည်း လက်မခံကြောင်းနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်ပေးရန် မတ်လ ၁၅ ရက်နေ့က တဲလ်အဗစ်မြို့တော် မြန်မာသံရုံးရှေ့တွင် ဆန္ဒပြခဲ့ကြောင်း ဆန္ဒပြပွဲဦးဆောင်သည့် Burma Action (Israel) အဖွဲ့မှ ကိုသူရက ပြောသည်။ (Mizzima 150311) Read More...

## နိုင်ငံရေးပါတီများ

### အခြားပါတီများ

- မတ်လ ၁၀ ရက်နေ့က နေပြည်တော်တွင် ကျင်းပသည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ချင်းပါတီမှလွှတ်တော်ကိုယ်စားလှယ်များက ချင်းပြည်နယ်၏ ကျန်းမာရေး၊ ပညာရေး နှင့် လမ်းပန်း ဆက်သွယ်ရေးကိစ္စများနှင့်ပတ်သက်ပြီး အဆိုများတင်သွင်းခဲ့ကြသည်။ (RFA 130311) Read More...
- ဥရောပသမဂ္ဂ (EU) ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်ထားသည့် မူများသည် မြန်မာပြည်သူများ ရသင့်ရထိုက်သည့် စီးပွားရေးနှင့် အခြားအကူအညီ၊ အခွင့်အလမ်းများကို ကန့်သတ်နေခြင်း ဖြစ်နေသည့် အတွက် ရုပ်သိမ်းပေးရန် ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီ ၁၀ ခုစုပေါင်းထားသည့် ဒီမိုကရေစီ မိတ်ဆွေများပါတီက EU ခေါင်းဆောင်များထံ အိတ်ဖွင့်ပေးစာရေးသားပြီး တိုက်တွန်းလိုက်သည်။ (VOA 140311) Read More...
- အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ (NDF) အလုံ ပြည်သူ့လွှတ်တော်အမတ် ဦးခိုင်မောင်ရီ တင်သွင်းသည့် အလယ် တန်းအဆင့်ထိ အခမဲ့ပညာရေးစနစ် ကျင့်သုံးရေးအဆိုကို NDF လသာ ပြည်သူ့လွှတ်တော်အမတ် ဦးကြည်မြင့်က ပြန်လည် ကန့်ကွက်ခဲ့သည်ဟု ပြည်သူ့လွှတ်တော်အမတ်တစ်ဦးကဆိုသည်။ (Mizzima 150311) Read More...
- မွေးရာပါအခွင့်အရေးအရ တိုင်းရင်းသားစာပေများ လွတ်လပ်စွာ သင်ကြားခွင့်ရှိရမည်ဟု အမျိုးသားဒီမိုကရေစီအင် အားစု NDF ပြည်သူ့လွှတ်တော်အမတ် ဦးခိုင်မောင်ရည်က ပြောသည်။ (Mizzima 160311) Read More...
- စစ်အစိုးရကို ဦးတည်ရည်ရွယ်သည့်စီးပွားရေးပိတ်ဆို့မှုတွင် ထိရောက်မှုမရှိသောကြောင်း ရုပ်သိမ်းပေးရန် ဥရောပသမဂ္ဂ (EU) ကို တင်ပြခဲ့ကြောင်း EU သံတမန်များနှင့်တွေ့ဆုံခဲ့သူ သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ စီးပွားရေး တာဝန်ခံ ဦးစောသန်းမြင့်က ပြောသည်။ (S.H.A.N 170311) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- မွန်ပြည်နယ်၌ ဆရာတော်၊ သံဃာတော်များ၏ ဩဇာသည် ဒေသခံပြည်သူများအပေါ် အပြည့်အဝ သက်ရောက်မှုရှိ သောကြောင့် အစိုးရသစ် လက်ထက်တွင် တာဝန်ယူကြမည့် ကျေးရွာ၊ ရပ်ကွက် ဥက္ကဋ္ဌသစ် ရာထူးများအတွက် ပြည် ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ဝင်များကို အဆိုပြုထားခြင်းအပေါ်ပြည်သူများက ကန့်ကွက်နေ ကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရက်တစ်ပါတီ AMRDP ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ (Irrawaddy 170311) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာအစိုးရသစ်အနေဖြင့် ယခင်နှင့်မတူသည့် အပြောင်းအလဲပြသရန် နိုင်ငံတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို လွတ်လပ်မျှတသည့် စုံစမ်းစစ်ဆေး အရေးယူရန်နှင့် ပျက်ကွက်ပါက နိုင်ငံတကာမှ ၎င်းတာဝန်ကို ယူရလိမ့်မည်ဟု မြန်မာနိုင်ငံဆိုရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တောမတ်စ် အိုယေား ကင်တားနားက သတိပေး ပြောကြားလိုက်သည်။ (VOA 140311) Read More...
- မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူ ပိတ်ဆို့ထားသည့် EU ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ သံအရာရှိများ သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အရေးယူမှု ပြန်ရုပ်သိမ်းပေးရန် တောင်းဆို ထားသည့် နိုင်ငံရေးပါတီမှ ခေါင်းဆောင်အချို့နှင့် ရန်ကုန်မြို့ အီတလီသံရုံးတွင် မတ်လ ၁၅ ရက်နေ့က တွေ့ဆုံခဲ့ရာ မြန်မာ နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း NLD ပြန်ကြားတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 150311) Read More..., VOA...
- မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသည့် လူသားချင်းစာနာကူညီထောက်ပံ့မှုဆိုင်ရာ စိန်ခေါ်မှုများ၊ တိုးတက်ဖြစ်ထွန်းမှုဆိုင် ရာ စိန်ခေါ်မှုများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်အပြီးတွင် ၂၀၁၂ နှင့် ၂၀၁၅ ခုနှစ်ကြားကာလ မြန်မာနိုင်ငံ အတွက် ကုလသမဂ္ဂမှ မဟာဗျူဟာ အခြေခံမှုများ ရေးဆွဲနေပြီဖြစ်သည်။ (BBC 160311) Read More...
- မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများကို လာမည့်သုံးလအတွင်း သွားရောက်စုံစမ်းနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Tomas Ojea Quintana က မတ်လ ၁၇ ရက်နေ့ တွင် ပြောကြားလိုက်သည်။ (RFA 170311) Read More...
- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်တစ်ဦး အမြန်ဆုံးခန့်အပ်ရန် ဒေါ်အောင် ဆန်းစုကြည်က မကြာသေးမီက သတင်းမီဒီယာကို ပြောကြားခဲ့ခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂအနေဖြင့် ၎င်းကိစ္စကို လက်ခံသဘောပေါက်ခဲ့ကြောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ်က မတ်လ ၁၇ ရက်နေ့တွင် သတင်းထောက်များကို ပြောကြားလိုက်သည်။ (VOA 170311) Read More...

### (ခ) အစိုးရများ

- အာရှအလယ်ပိုင်းဒေသရှိ မွန်ဂိုလီးယားနိုင်ငံ သမ္မတ Elbegdorj က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်ကို တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး ဒီမိုကရေစီရေး ကြိုးပမ်းမှုကို ထောက်ခံအားပေးကြောင်း ပြောကြားခဲ့ သည်ဟု US Campaign for Burma အဖွဲ့က ပြောသည်။ (Mizzima 180311) Read More..., RFA...

### (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာစစ်အစိုးရ အာဏာပိုင်များ လူသားထုအပေါ်ကျူးလွန်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂ စုံစမ်းရေး ကော်မရှင် စေလွှတ်ရေးကို ရုရှားနိုင်ငံအနေဖြင့် ထောက်ခံပေးရန် လန်ဒန်အခြေစိုက် Burma Campaign- UK အဖွဲ့မှ ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် သွားရောက်တွေ့ဆုံ စဉ် တိုက်တွန်းခဲ့ကြောင်း BCUK အဖွဲ့ဝင်တစ်ဦးဖြစ်သူ မဝေနှင်းပွင့်သုန်က ပြောသည်။ (RFA 190311) Read More...

---

***End of report/ Saturday, March 19, 2011***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---